# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

November 15 , 2023 Volume 72, Number 11

၁၅.၁၁.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၆၇ US$ |
| မြန်မာ့ရွှေဈေး | = ၃၆၅၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၃၅၀၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၂.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၇.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၂၀.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၇.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၁၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၆၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၁.၂၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၀.၂၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၂၁၃ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## စမုံနှမ်းနက်ဈေးပြန်တက်လာပြီး နှမ်းဖြူဈေးကျသွားပေမဲ့ နှမ်းမျိုးစုံ အဝယ်သွက်နေ




မန္တလေးဈေးကွက်တွင် စမုံနှမ်းနက်က ဈေးနှုန်းပြန်လည်မြင့်တက်လာပေမဲ့ နှမ်းဖြူရိုးရိုးက ဈေးကျသွားပြီး ကျန်နှမ်းမျိုးစုံက ဈေးတည်ငြိမ်နေကြောင်း ကုန်သည်အချို့ကပြောသည်။

မန္တလေးမြို့ ကုန်စည်ဈေးကွက်တွင် အက်ဆစ်အောင်ပြီး အရည်အသွေးကောင်းသည့် စမုံနှမ်းနက် အသန့်သုံးတင်းတစ်အိတ်လျှင် ၃၄၀၀၀၀ ကျပ်အထိ အရောင်းအဝယ်ပြန်ဖြစ်လာသော်လည်း နှမ်းဖြူရိုးရိုးသည် သုံးတင်းတစ်အိတ်လျှင် ၃၆၀၀၀၀ ကျပ်ဈေးရှိနေရာမှ ၃၄၀၀၀၀ ကျပ်သို့ဈေးပြန်ကျသွားခြင်းဖြစ်သည်။

နိုဝင်ဘာလ ၅ ရက်နေ့တွင် နှမ်းနက်သုံးတင်းတစ်အိတ်လျှင် ၃၂၅၀၀၀ ကျပ်သို့ ဈေးကျဆင်းခဲ့ပြီး ယနေ့ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ၁၅၀၀၀ ကျပ် မြင့်တက်လာကာ ၃၄၀၀၀၀ ကျပ်အထိ ဈေးပြန်လည်မြင့်တက်လာခြင်းဖြစ်ကြောင်း နှမ်းဖြူရိုးရိုးကမူ ၄၅ ပိဿာသုံးတင်းတစ်အိတ်ကို ၂၀၀၀၀ ကျပ် ပြန်ကျသွားခြင်းဖြစ်ကြောင်းသိရသည်။ နှမ်းဈေးကွက်အတက်အကျ တည်ငြိမ်မှုမရှိသော်လည်း ဈေးကွက်တွင်မူ အရောင်းအဝယ်ကောင်းနေကြောင်းသိရသည်။

"နှမ်းက ၂ ရက်ရှိပြီ အရင်ကထက်ဈေးတက်လာတယ်၊ နှမ်းနက်စမုံ ၃၂၅၀၀၀ တန်နှမ်းက ၃၄၀၀၀၀ ဖြစ်သွားတယ်။ အက်ဆစ်ဝမ်းလို့ခေါ်တဲ့ ရှယ်ထိပ်စပေ့၊ ရုပ်ထွက်ကောင်းရမယ်၊ အနံ့အသက်ကောင်းရမယ်၊ အက်ဆစ် ၃ က ၂၇၀၀၀၀- ၂၈၀၀၀၀ ကျပ်ကနေ ၃ သိန်းတစ်ပတ်လည်လောက်ဖြစ်သွားတယ်။ အက်ဆစ်တူး အ

လတ်စလို့ခေါ်တာက ၃၂၅၀၀၀ ကျပ်၊ အရင်ဈေးက ၃၁၀၀၀၀ လောက်ရှိတယ်၊ နှမ်းညိုက ၂၇၀၀၀၀ကျပ် – ၂၇၅၀၀၀ ကျပ်၊ နှမ်းနီတွေက ၂၉၀၀၀၀ ကျပ် – ၃၀၀၀၀၀ ကျပ်ရှိကာ ပစ္စည်းအစစ်အမှန်ကောင်းရမယ်ပေါ့။ စမုံနှမ်းနက်ကတက်လာတယ် ကျန်တာတွေက အဝယ်သွက်တယ်"ဟု မန္တလေးမြို့ ဝင်းဝင်းပွဲရုံမှ ကိုရဲမိုးက ပြောပြပါတယ်။

မန္တလေးမြို့ ကုန်စည်ဒိုင်ဈေးကွက်တွင်မူ စမုံနှမ်းနက် သုံးတင်းတစ်အိတ်လျှင် ၃၃၈၀၀၀ ကျပ် ၊ နှမ်းညို သုံးတင်းတစ်အိတ်လျှင် ၂၇၅၀၀၀ ကျပ်၊ နှမ်းဖြူဂျပန်က ၃၆၀၀၀၀ ကျပ်၊ နှမ်းဖြူရိုးရိုးက ၃၄၀၀၀၀ ကျပ် ဈေးဖွင့်ထားကြောင်း နိုဝင်ဘာလ ၁၁ ရက်နေ့ ဈေးကွက်ထုတ်ပြန်မှုအရ သိရသည်။

ယခုလထဲတွင် စတင်ရိတ်သိမ်းကြတော့မည့် အညာဒေသထွက်နှမ်းများကို တရုတ်မှကြိုက်သည့်အတွက် တရုတ်ဝယ်လက်များသည် မိုးနှမ်းအသစ်များကို ကြိုတင်ပြီးဝယ်ယူရန်ကမ်းလှမ်းမှုများရှိနေသောကြောင့် နှမ်းဈေးကွက် ပြန်လည်မြင့်တက်လာခြင်းဖြစ်ဟုသိရသည်။ "တရုတ်က အက်ဆစ်အောင်တဲ့နှမ်းကိုပဲဝယ်တာ၊ နှမ်းကတော့ အခုဈေးထက်လည်း သိပ်ပြီးတော့ မကျနိုင်ပါဘူး။ တရုတ်က အက်ဆစ်အောင်တာ ကြိုက်တယ်လေ၊ အခုမိုးနှမ်းအကုန်လုံးက အက်ဆစ်အောင်တယ်"ဟု အောင်လံကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးအောင်မိုးကပြောသည်။

အောင်လံကုန်စည်ဒိုင်တွင် နှမ်းဈေးကွက်သည် အောက်တိုဘာလအကုန်တွင်ဖြစ်ပေါ်ခဲ့သည့် ဈေးနှုန်းများအတိုင်း အတက်အကျမရှိ ဈေးငြိမ်နေသည်။

အက်ဆစ်အောင်သည့် နှမ်းနက် သုံးတင်းတစ်အိတ်လျှင် ၂၉၀၀၀၀ မှ ၃၁၀၀၀၀ ကျပ်သာရှိပြီး အက်ဆစ်မအောင်သည့် နှမ်းနက် သုံးတင်းတစ်အိတ်လျှင် ၂၇၀၀၀၀ ကျပ်သာရှိကြောင်း ၊ နှမ်းဖြူ သုံးတင်းတစ်အိတ်လျှင် ၃၁၀၀၀၀ ကျပ်၊ နှမ်းနီက ၂၈၀၀၀၀ ကျပ်သာရှိကြောင်း နိုဝင်ဘာလ ၁၁ ရက်နေ့ အောင်လံကုန်စည်ဒိုင် ဈေးကွက်အရ သိရသည်။

တရုတ်က နှမ်းကိုဝယ်ယူရာတွင် အက်စစ်အောင်သည့် နှမ်းများကိုသာ ဝယ်ယူမှုရှိကြောင်း ၊ လက်ရှိတွင် တရုတ်ကို နယ်စပ်ဂိတ်များမှတစ်ဆင့်ကုန်သွယ်မှုပြုလုပ်၍မရသဖြင့် နှမ်းတင်ပို့မှုရပ်နေသော်လည်း တရုတ်ဝယ်လက်များက မိုးနှမ်းကို ဝယ်လိုအားများသည့်အတွက် နှမ်းဈေးကွက်ပြန်လည်ကျဆင်းနိုင်သည့် အလားအလာမရှိနိုင်ကြောင်း ကုန်သည်များမှ သုံးသပ်ထားသည်။

နှမ်းသီးနှံကို အပူပိုင်းဒေသများဖြစ်သည့် မကွေး ၊ စစ်ကိုင်းနှင့်မန္တလေးတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြကြောင်း နှမ်းစိုက်ဧကသည် တစ်နိုင်ငံလုံးတွင် ၂၅ သန်းကျော် စိုက်ပျိုးမှုရှိကြောင်းသိရသည်။

**Source: AMIA**

**#Awba**

## မုံရွာမြို့ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော ပဲမျိုးစုံဈေးနှုန်းများ ယခင်တစ်ပတ်နှင့် ယခုတစ်ပတ် နှိုင်းယှဉ်မှုအခြေအနေ

နိုဝင်ဘာလ တတိယပတ်အတွင်း မုံရွာမြို့ကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသော လယ်ယာထွက်ကုန်သီးနှံများဖြစ်သော ပဲတီစိမ်းသေး၊ ပုဂံပဲဈေးငြိမ်၍ ပဲကြီး၊ မတ်ပဲဈေးမြင့်တက်နေပြီး၊ ဂျုံဖြူသန့်၊ ဂျုံထွက်တိုး၊ ပဲတီစိမ်းကြီး၊ Cp ပြောင်းဖူးစေ့၊ ကုလားပဲထိုင်ဝမ် ၊ ပဲနီလုံးရိုးရိုး၊ ပဲနီလုံးကြား၊ ကုလားပဲဖြူလုံးကြီး ၊ ကုလားပဲဖြူလုံးသေးနှင့် ကုလားပဲ 929 ဈေးနှုန်းများ ကျဆင်းနေကြောင်းသိရသည်။ ယခုတစ်ပတ်အတွင်း သီးနှံတစ်တင်းပေါက်ဈေးနှုန်းများမှာ ဂျုံဖြူသန့် (၆၂၀၀၀)ကျပ်၊ ဂျုံထွက်တိုး (၅၂၀၀၀)ကျပ်၊ ပဲကြီး (၁၃၇၀၀၀)ကျပ်၊ မတ်ပဲ (၉၀၅၀၀)ကျပ်၊ ပဲတီစိမ်းကြီး (၄၈၀၀၀–၄၅၀၀၀) ကျပ်၊ ပဲတီစိမ်းသေး (၄၈၀၀၀)ကျပ်၊ ပဲနီလုံးရိုးရိုး (၅၂၀၀၀)ကျပ်၊ ပဲနီလုံးကြား (၅၃၀၀၀) ကျပ်၊ ပုဂံပဲ (၉၀၀၀၀) ကျပ်၊ CP ပြောင်းဖူးစေ့ (၁၈၀၀၀) ကျပ်၊ ကုလားဖြူလုံးကြီး (၈၆၅၀၀)ကျပ်၊ ကုလားပဲဖြူလုံးသေး (၈၈၀၀၀)ကျပ်၊ ကုလားပဲ 929 (၈၄၀၀၀) ကျပ်၊ ကုလားပဲထိုင်ဝမ် (၈၅၀၀၀)ကျပ် ပေါက်ဈေးရှိကြောင်းသိရသည်။ ယခင်ပတ် ကာလတူအချိန် ပေါက်ဈေးနှုန်းများမှာ ဂျုံဖြူသန့် (၆၄၀၀၀)ကျပ်၊ ဂျုံထွက်တိုး (၅၄၀၀၀)ကျပ်၊ ပဲကြီး (၁၃၀၀၀၀)ကျပ်၊ မတ်ပဲ (၈၉၀၀၀) ကျပ်၊ ပဲတီစိမ်းကြီး (၅၁၀၀၀–၅၀၀၀၀) ကျပ်၊ ပဲတီစိမ်းသေး (၄၈၀၀၀)ကျပ်၊ ပဲနီလုံးရိုးရိုး (၅၂၀၀၀–၅၄၀၀၀)ကျပ်၊ ပဲနီလုံးကြား (၅၄၅၀၀) ကျပ်၊ ပုဂံပဲ (၉၀၀၀၀)ကျပ်၊ CP ပြောင်းဖူးစေ့ (၁၉၅၀၀)ကျပ်၊ ကုလားပဲဖြူလုံးကြီး (၈၈၅၀၀–၈၈၀၀၀)ကျပ်၊ ကုလားပဲဖြူလုံးသေး (၉၀၅၀၀)

ကျပ်၊ ကုလားပဲ 929 (၈၇၀၀၀)ကျပ်၊ ကုလားပဲ ထိုင်ဝမ် (၈၇၀၀၀) ကျပ် ပေါက်ဈေးရှိ၍ ယခုတစ်ပတ်အတွင်း ကာလတူအချိန်နှင့် နှိုင်းယှဉ်ပါက ပဲကြီး တစ်တင်း (၇၀၀၀) ကျပ်၊ မတ်ပဲ တစ်တင်း (၁၅၀၀) ကျပ် မြင့်တက်နေပြီး၊ ဂျုံဖြူသန့် တစ်တင်း (၂၀၀၀) ကျပ်၊ ဂျုံထွက်တိုး တစ်တင်း (၂၀၀၀)ကျပ်၊ ပဲတီစိမ်းကြီး တစ်တင်း (၃၀၀၀)ကျပ်း၊ ပဲနီလုံးကြား တစ်တင်း (၁၅၀၀) ကျပ်၊ ပဲနီလုံးရိုးရိုး တစ်တင်း (၂၀၀၀) ကျပ်၊ CP ပြောင်းဖူးစေ့ တစ်တင်းလျှင် (၁၅၀၀)ကျပ်၊ ကုလားပဲဖြူလုံးကြီး တစ်တင်း (၂၀၀၀)ကျပ်၊ ကုလားပဲဖြူလုံးသေး တစ်တင်း (၂၅၀၀)ကျပ်၊ ကုလားပဲ 929 တစ်တင်း (၃၀၀၀)ကျပ် ၊ ကုလားပဲထိုင်ဝမ် (၂၀၀၀) ကျပ် အသီးသီးဈေးနှုန်းများ ကျဆင်းသွားကြောင်းသိရသည်။

**Source: စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး (မုံရွာ)**

## သစ်ရာကောက်ဒေသထွက် ဆိတ်သားမီးကင်အရောင်းသွတ်

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ရှိ သီတင်းကျွတ်မြသလွန်ဘုရားပွဲတော်ရက်တွင် MSME ဒေသထုတ်ကုန်နှင့်ဈေးရောင်းပွဲတော် အား (၉.၁၁.၂၀၂၃)ရက်နေ့မှ (၁၁.၁၁.၂၀၂၃) ရက်နေ့အထိ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှကြီးမှူး၍ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့တို့ ပူးပေါင်း၍ကျင်းပ ဆောင်ရွက်ခဲ့ရာ သစ်ရာကောက်ကျေးရွာရှိ ဆိတ်သားမီးကင်လုပ်ငန်း ပါဝင်ပြသရောင်းချခဲ့ပါသည်။ ဆိတ်သားမီးကင်အား ခရီးသွားပြည်သူများ ကြိုက်နှစ်သက်ခြင်း၊ အိမ်ရှင်မများ ကြိုက်နှစ်သက်ခြင်းကြောင့် နာမည်ရကာအရောင်းသွက်နေသည့် ထုတ်ကုန် တစ်ခုလည်းဖြစ်ပါသည်။ လက်ပံတန်း၊ အောင်လံနှင့်အခြားနယ်မြို့များမှလည်း အမှာများရှိနေပြီး ပြည်ပရောက်မြန်မာများအတွက်လည်း ပိသာလိုက် တင်ပို့ရောင်းချရပါသည်။ လုပ်ငန်းအားတိုးချဲ့လိုသော်လည်း ကုန်ကြမ်းရှားခြင်း၊ လုပ်သားရှားပါးခြင်းတို့ကြောင့် ယခုအချိန်ထိ တိုးချဲ့ချင်သလောက် မတိုးချဲ့နိုင်သေးပါ။

ဆိတ်သားစစ်စစ်ကို မီးသွေးဖြင့်မီးအေးအေးကင်ထားသဖြင့် ကျွတ်ကျွတ်မွမွလေးဖြင့် စားလို့ကောင်းခြင်း၊ ကင်ပြီးသားဆိတ်သား အား ကြာရှည်စွာအထားခံခြင်း၊ အိမ်ရှင်မများအတွက် အချိန်ကုန်သက်သာခြင်းတို့ကြောင့် အရောင်းသွက်နေခြင်းလည်းဖြစ်ပါသည်။ အရည်အသွေး၊ အရသာအနေဖြင့် ပြောစရာမရှိသော်လည်း ထုပ်ပိုးမှုပိုင်းအနေဖြင့် လိုအပ်နေသေးသောကြောင့် ပလပ်စတစ်ဖြင့် ထုပ်ပိုးခြင်းမပြုရန် ပလပ်စတစ်ဖြင့်ထုပ်ပိုးပါက ကျန်းမာရေးအရ အန္တရာယ်ဖြစ်နိုင်သဖြင့် အန္တရာယ်ကင်းသည့် စက္ကူအိတ်များဖြင့် ဒီဇိုင်းလှလှဖန်တီးပြီး ထုပ်ပိုးမည်ဆိုပါက ပြည်ပနိုင်ငံများမှလည်း ပိုမိုစိတ်ဝင်စားလာနိုင်ပြီး ဈေးကွက်သစ်များ ဖန်တီးနိုင်မည်ဖြစ်ကြောင်း အကြံပြုတိုက်တွန်းခဲ့ပါသည်။

**Source: မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## ပြည်ပဝယ်လိုအားမရှိချိန်တွင် ပြည်တွင်းဆီစက်များ ဝယ်လိုအားလျော့ကျခြင်းက မြေပဲစိုက်တောင်သူများ အခက်တွေ့




ပြည်ပမှဝယ်လိုအားမရှိခြင်း၊ ပြည်တွင်းဆီစက်များက မြေပဲဝယ်လိုအား လျော့ချခြင်းတို့ကြောင့် ပြည်တွင်းဈေးကွက်၌ မြေပဲဆန်ဈေးနှုန်းများ ကျဆင်းပြီး စိုက်ပျိုးသူတောင်သူများ အကျိုးအမြတ်မရရှိကြောင်း ကုန်သည်အချို့က ပြောသည်။

Export တင်ပို့သည့် မြေပဲအနီလုံးဆန်နှင့် အဖြူလုံးဆန်သည် လက်ရှိ ပြည်ပသို့ တင်ပို့နိုင်မှုမရှိဘဲ ပြန်လည်စိုက်ပျိုးရန် မျိုးအဖြစ်ဝယ်ယူမှုသာ ရှိခြင်းကြောင့် တစ်ပိဿာကို ၆၅၀၀ မှ ၇၇၀၀ ကျပ်အထိဈေးရရှိကြောင်း၊ လက်ကားဈေးကွက်တွင် အနီလုံးဆန်နှင့်အဖြူလုံးဆန်သည် တစ်ပိဿာ ၆၀၀၀ ကျပ် ဝန်းကျင်ဈေးရှိကြောင်း၊ မြေပဲဆီကြိတ်သည့် ဆီဆန်ဈေးကွက် သည်လည်း ကျဆင်းလာရာ တစ်ပိဿာကို ၅၅၀၀ကျပ် အများဆုံးဈေးပေးကြောင်း သိရသည်။

ပဲဆန်ဈေးက ၃ ရက်လောက်က ဈေးတစ်ချီတက်လာပြီး ၅၅၀၀ ကျပ်တွေက ၅၇၀၀-၅၈၀၀ ကျပ်ဖြစ်ပြီး ဈေးကွက်ပြန်အေး သွားတယ်၊ ကျပ် ၅၇၀၀ ၊ ၅၈၀၀ ကနေ ၅၅၀၀ လောက်ပြန်ဖြစ်သွားတယ်၊ အနီလုံးဆန်ရော အဖြူလုံးဆန်ရောကတော့ မျိုးအတွက်ဆိုရင် ၆၅၀၀ ကနေ ၇၅၀၀ အထိခေါ်ရောင်းကြတာရှိတယ်။ အဲဒါတွေက အိတ်ရေများများ ရောင်းလို့မရဘူး၊ မျိုးစိုက်မဲ့သူတွေက ၁ ပိုင်း ၂ ပိုင်းပဲဝယ်တာ၊ အလွန်ဆုံးမှ ၁၀ ပိုင်း ၁၅ ပိုင်းပေါ့။ လက်ကားလိုင်းသမားဈေးကတော့ ၆၀၀၀ တစ်ပတ်လည်မှာပဲ ဝယ်နေတယ်ဟု မန္တလေးမြို့ ဝင်းဝင်းပွဲရုံမှ ကိုရဲမိုးက နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ပြောသည်။

ယခင် မြန်မာနိုင်ငံမှထွက်ရှိသည့် မြေပဲဆန်များကို ကုန်သည်များကဝယ်ယူပြီး တရုတ်နှင့်ထိုင်းနိုင်ငံကို တင်ပို့သဖြင့် ဈေးကောင်းရခဲ့သော်လည်း လက်ရှိ မြေပဲပေါ်သည့်ရာသီတွင် ပြည်ပကိုတင်ပို့နိုင်ခြင်းမရှိသဖြင့် မြေပဲဈေးကျဆင်းလာခြင်းဖြစ်ဟုသိရသည်။

ယခု မြေပဲပေါ်သည့်ရာသီတွင် မြေပဲဆန်ဈေးနှုန်းများကျဆင်းနေသည့်အတွက် အရောင်းအဝယ်မရှိသလောက်ဖြစ်နေသည့် အပြင် မြေပဲစိုက်တောင်သူများလည်း အကျိုးအမြတ် မရရှိသောအခြေအနေမျိုးကို တောင်သူများကြုံတွေ့နေရသည်။ အခုရတဲ့ မြေပဲဆီဆန် ၅၅၀၀ ဆိုတာက တွက်ကြည့်ရင်အရင်းပဲရတယ်။ အဲဒီနှုန်းထက်ပိုမှ အမြတ်ရမှာပါ၊ အခုနှစ်က ကုန်ကျစရိတ်က အကုန်တက်ပါတယ်၊ တစ်ကေကို ၇ သိန်းခွဲ ၈ သိန်းလောက်ကုန်ပါတယ်၊ အထွက်နှုန်းက မြေပဲအတောင့်ကို ၁၆ တင်းကနေ ၂၀ တင်းလောက်ကပုံမှန်ပေါ့။ အဲဒီအထွက်နှုန်းနဲ့ ခု ၅၅၀၀ ဈေးဆိုရင် အရင်းပဲရမယ်ပေါ့။ အဓိက တရုတ်ကိုမပို့နိုင်လို့ export မရှိလို့ဈေးကကျနေတာဟု မကွေးမြို့ မြေပဲခွဲစက်ပိုင်ရှင်တစ်ဦးမှ ပြောသည်။

ပြည်တွင်းဆီစက်များ အဓိကအများဆုံးအသုံးပြုသည့် မြေပဲဆီဆန်သည် ပြည်ပတင်ပို့ရန် အရည်အသွေးမပြည့်မီသည့် မြေပဲနီဆီဆန်နှင့် မြေပဲဆန်အဖြူ ဆီဆန်ပဲခြမ်းနှင့် ပဲလုံးအရောကို အသုံးပြုခြင်းဖြစ်ကြောင်း ၊ လက်ရှိတွင်မြေပဲဆံအဖြူ ဆီဆံပဲခြမ်းနှင့် ပဲလုံးအရောသည် တစ်ပိဿာလျှင် ၄၀၀၀ ကျပ်အထက်တွင်သာရှိပြီး ယခင်က တစ်ပိဿာလျှင် ၅၅၀၀ ကျပ်အထိရှိခဲ့ကြောင်းသိရသည်။ မကွေးဈေးကွက်တွင်လည်း မြေပဲလုံးဆန်နီနှင့် လုံးဆန်ဖြူဈေးသည် တစ်ပိဿာကို ၅၈၀၀ မှ ၆၁၀၀ ကျပ် အထိသာဈေးရှိကြောင်းသိရသည်။

မြေပဲဆန်ဈေးကွက်သည် တရုတ်ကိုသာ ပြန်လည်တင်ပို့နိုင်မည်ဆိုပါက ပြည်တွင်းဈေးကွက်တွင် ဝယ်လိုအားပြန်လည်မြင့်တက်လာပြီး ဈေးနှုန်းအပြောင်းအလဲများလည်းဖြစ်လာနိုင်ကြောင်း ကုန်သည်အချို့ကသုံးသပ်သည်။ မြေပဲကို မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် အဓိကစိုက်ပျိုးပြီး ကျန်သည့်ပဲခူးတိုင်း၊ စစ်ကိုင်းတိုင်းတို့တွင်လည်း စိုက်ပျိုးမှုရှိကြောင်းသိရသည်။

Source: AMIA

https://t.me/htwettoe

## ရခိုင်ပြည်နယ်စစ်တွေကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုသတင်းအခြေအနေ

ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ (၄-၁၁-၂၀၂၃) မှ (၁၀-၁၁-၂၀၂၃)အထိ အမှန်တင်ပို့ကုန်ပစ္စည်းများအနေဖြင့် ကြက်သွန်နီ၊ မန်ကျည်းစေ့၊ ဆီး(ဇီး)ဖတ်၊ ချင်း(အစို)၊ ငရုတ်သီးခြောက်၊ နနွင်းတက်၊ ကွမ်းသီး၊ အုန်းသီးခြောက်၊ ငါးမြစ်ချင်း၊ ငါးသိုင်းခေါင်းပွ၊ ငါးသလောက်နှင့်ဆီး(ဇီး)ယိုထုပ်တို့တင်ပို့ရာ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၄၁၆၈၁၁ ဒသမ ၆၆ ဒေါ်လာ တင်ပို့ခဲ့ကြောင်း သတင်းရရှိပါသည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၄ ရက်မှ ၁၀ ရက်အထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်အနေဖြင့် နနွင်းတက်တန်ချိန် ၃ တန် တင်ပို့ခဲ့ပါသည်။ ယခင်အပတ်မှာ နနွင်းတက်တန်ချိန် ၁၂ တန် တင်ပို့ခဲ့ပြီး ယခင်အပတ်ထက် ယခုအပတ်တွင် နနွင်းတက်တန်ချိန် တင်ပို့နိုင်မှုလျော့နည်းသွားကြောင်း သိရပါသည်။ ယခုအပတ် နနွင်းတက် တင်ပို့နိုင်မှုငွေပမာဏမှာ ၄၁၇၆၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

၂၀၂၃ ခုနှစ် နိုဝင်ဘာ ၄ ရက်မှ ၁၀ ရက်အထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ ကုန်သွယ်ရေးစခန်းမှဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရေထွက်ပစ္စည်းအနေဖြင့် ငါးသလောက်တန်ချိန် ၉ ဒသမ ၁၆၂ တန် တင်ပို့ခဲ့ပါသည်။ ယခင်အပတ်မှာ ငါးသလောက် တန်ချိန် ၂ ဒသမ ၅၂ တန် တင်ပို့ခဲ့ပြီး ယခင်အပတ်ထက် ယခုအပတ်တွင် ငါးသလောက်တန်ချိန် ပိုမို၍တင်ပို့နိုင်ခဲ့ကြောင်း သိရပါသည်။ ယခုအပတ် ငါးသလောက်တင်ပို့နိုင်မှု ငွေပမာဏမှာ ၅၅၇၇၀ ဒသမ ၁၂ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၄ ရက်မှ ၁၀ ရက်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မြန်မာနိုင်ငံသို့ လုပ်ငန်းသုံးကုန်ပစ္စည်းများအနေဖြင့် Writing A4 paper (60 to 80 GSM) တင်သွင်းခဲ့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၅၀၀၀ ဒေါ်လာ တင်သွင်းနိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: ရခိုင်ပြည်နယ်ဦးစီးမှူးရုံး**

## တရုတ်နိုင်ငံ၏ အကြီးဆုံး ထောပတ်သီးစိုက်ပျိုးရေးစခန်း မုံလျှန်





ယူနန်ပြည်နယ်၊ ဖူအော်မြို့၊ မုံလျှန်တိုင်လူမျိုး၊ လားဟူလူမျိုး၊ ဝလူမျိုးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရခရိုင်၊ ကျေးလက်နှင့် သိပ္ပံပညာဌာနမှတစ်ဆင့် သိရှိရမှုအရ ယူနန်ပြည်နယ်၊ မုံလျှန်ထောပတ်သီး စိုက်ပျိုးဧရိယာသည် ဧက ၈၀၀၀၀ ကျော်ရှိပြီး တရုတ်နိုင်ငံ၏ အကြီးဆုံးသော ထောပတ်သီး စိုက်ပျိုးရေးအခြေစိုက်စခန်းနှင့် အရည်အသွေးကောင်း ထောပတ်သီးများကို ဈေးကွက်သို့ အမြဲတင်ပို့ပေးနိုင်သည့် တစ်ခုတည်းသောဒေသ ဖြစ်လာခဲ့ပါသည်။ ယခုနှစ်တွင် စိုက်ပျိုးဧရိယာကို ထပ်မံတိုးချဲ့ပြီး တိကျသေချာသော အရည်အသွေးမြှင့် ထုတ်လုပ်မှုနည်းလမ်းများကိုလည်း စမ်းသပ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မုံလျှန်ခရိုင်သည် ယူနန်ပြည်နယ် အနောက်တောင်ပိုင်း နယ်စပ်ဒေသတွင်တည်ရှိပြီး မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ် အထူးဒေသ (၂) (“ဝ”ဒေသ) နှင့် ဆက်စပ်လျက်ရှိပါသည်။ ၎င်းတို့အနေဖြင့် ထောပတ်သီးအမျိုးအစား ၁၂ မျိုး ပျိုးထောင်နိုင်ခဲ့ပြီး ၁၂ လ ရာသီပတ်လုံး ဈေးကွက်တင်နိုင်တဲ့ အနေအထားကို ရောက်နေပြီဖြစ်သည်။ ထောပတ်သီးများကို အပင်ပေါ်၌ မှည့်အောင်ထားပြီး ဆွတ်ခူးကြပါသည်။ (၃) ရက် (၄) ရက်အတွင်း တရုတ်နိုင်ငံရဲ့ မည်သည့်နေရာကိုမဆို ဖူအော်ငွေစိမ်း ဇီဝစတော့ရှယ်ယာ ကုမ္ပဏီလီမိတက်မှ အရောက်ပို့ဆောင်ပေးလျက်ရှိပါသည်။

လက်ရှိတွင် မုံလျှန်ခရိုင် တစ်ခုလုံးတွင် ထောပတ်သီးစိုက်ပျိုးသည့်ကျေးရွာ ၂၂ ရွာရှိပြီး ကျေးရွာစုပေါင်း စီးပွားဝင်ငွေသည် တစ်နှစ်လျှင် ယွမ် ၂ သိန်းနှင့်အထက်တွင် တည်ငြိမ်စွာရှိနေပါသည်။ နှစ်စဉ်အနီးပတ်ဝန်းကျင် ဒေသများအတွက် အလုပ်အကိုင်အခွင့်အလမ်း ၃,၀၀၀ ခန့် ဖန်တီးပေးနိုင်ပြီး စီမံထိန်းချုပ်မှု တစ်ဦးချင်း၏ တစ်နှစ်ပျမ်းမျှဝင်ငွေသည် ယွမ်ငွေ ၄,၀၀၀ နှင့် အထက်တွင်ရှိနေပါသည်။ ၂၀၂၅ ခုနှစ်တွင် အလုပ်အကိုင်အခွင့်အလမ်းရရှိမှုဦးရေ ၁၀၀၀၀ ကျော်အထိ ရောက်ရှိနိုင်ရန်နှင့် အများပြည်သူ လုပ်အားခဝင်ငွေရရှိမှု ယွမ်သန်း ၁၀၀ ကျော်ထိ မြင့်တက်လာနိုင်ရန် မျှော်မှန်းထားသည်။ သေးငယ်သော ထောပတ်သီးများသည် သန်းရာချီသော ကုန်ထုတ်လုပ်ငန်းကြီးများနှင့် ပြည်သူလူထု၏ တည်ငြိမ်သော ဘဝသာယာ ချမ်းမြေ့မှုများကို ဖန်တီးလာစေနိုင်မည် ဖြစ်ပါသည်။

**အရင်းမြစ်။ http://myanmar.yunnangateway.com/html/2023/news_1106/11846.html**

**(လျှန်ရှုန်းမုန်၊ စီးပွားရေးသံမှူး၊ တရုတ်နိုင်ငံ၊ ကူမင်းမြို့)**

# STOCK EXCHANGE (15.11.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 15th Nov. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 26,845 (Shares) | 80,215,000 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | -200 | -2.27% | 8,600 | 8,600 | 8,600 | 2,211 | 19,014,600 | 33,109,694 | 284,743 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 1,270 | 3,683,000 | 38,929,150 | 112,895 |
| MCB | 00003 | 7,800 | -100 | -1.27% | 7,800 | 7,800 | 7,800 | 4 | 31,200 | 10,400,986 | 81,128 |
| FPB | 00004 | 1,650 | +50 | +3.13% | 1,600 | 1,650 | 1,600 | 5,869 | 9,393,150 | 29,664,613 | 48,947 |
| TMH | 00005 | 2,400 | +0 | +0.00% | 2,400 | 2,400 | 2,400 | 0 | 0 | 12,823,224 | 30,776 |
| EFR | 00006 | 2,050 | -50 | -2.38% | 2,000 | 2,050 | 2,000 | 1,050 | 2,110,000 | 19,977,223 | 40,953 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,800 | 4,900 | 4,800 | 10 | 48,800 | 10,497,598 | 51,438 |
| MAEX | 00008 | 1,700 | +0 | +0.00% | 1,700 | 1,750 | 1,700 | 1,431 | 2,434,250 | 23,804,946 | 40,468 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 15th Nov. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 366.53 | -3.81 | -1.03% | 365.77 | 367.16 | 365.77 | 11,845 | 36,715,000 | 8 | 691,348 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 15th Nov. 2023

| Trading Volume | Trading Value |
|---|---|
| 26,845 (Shares) | 80,215,000 (MMK) |

### Main Board

As of 1:00 pm, 15th Nov. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 26,845 (Shares) | 80,215,000 (MMK) |

| MYANPIX | 366.53 ▼ 3.81 |
|---|---|
| Total Volume (shares) | 11,845 |
| Total Value (MMK) | 37 mil |
| Listed Company | 8 |
| Market Cap. (MMK) | 691,348 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▼ 200 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,800 | ▼ 100 |
| FPB | 00004 | 1,650 | ▲ 50 |
| TMH | 00005 | 2,400 | ▲ 0 |
| EFR | 00006 | 2,050 | ▼ 50 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,700 | ▲ 0 |